ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၉) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၀၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကျန်းမာရေး။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရန်ကုန်-ပြည်-မန္တလေး မော်တော်ကားလမ်းပိုင်း မိုင်တိုင် ၄၂၃/၃-၄ ရှိ လိန်ပင်အိုင့် ဘေလီတံတား (၁/ ၄၂၄) အား အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ရန်ကုန်-ပြည်-မန္တလေး မော်တော်ကားလမ်းပိုင်း မိုင်တိုင် ၄၂၃/၃-၄ ရှိ လိန်ပင်အိုင့် ဘေလီတံတား (၁/

၄၂၄)အား အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လာကြတဲ့ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ် မြေအတွင်းမှာရှိတဲ့ ရန်ကုန်-ပြည်-မန္တလေး မော်တော်ကားလမ်းပိုင်း မိုင်တိုင် ၄၂၃/၃-၄ ရှိ လိန်ပင်အိုင့် ဘေလီတံတား တံတားအမှတ် (၁/ ၄၂၄)ကို အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ပေးရန်နဲ့ ဆက်စပ် တဲ့မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လိန်ပင်အိုင့်တံတားဟာ တောင်သာမြို့နယ်အတွင်း ကျောက်ပန်း တောင်း -တောင်သာ နယ်ခြားအနီး လိန်ပင်ချောင်းကို ဖြတ်ပြီးတော့ တံတားအရှည် (၈၀)ပေ၊ ခံနိုင်ဝန် (၁၃)တန် သတ်မှတ်ဆောက်လုပ်ထားတဲ့ Double - Single တစ်ထပ်ဘေလီတံတား ဖြစ်ပါတယ်။ လိန်ပင်အိုင့်တံတားနေရာအထိ ဆင်တဲ၀(သမက္ကူ)ရေလှောင်ကန်ရဲ့အဖျားပိုင်း သိုလှောင်ရေ ရောက်ရှိ တဲ့နေရာ ဖြစ်ပါတယ်။ မိုးကောင်းတဲ့ နှစ်တွေမှာဆိုရင် အမြင့်ဆုံး ရေလှောင်နိမ့်မြင့်မှတ် (maximum flood level MFL)နှင့် ထပ်တိုးကန်တွင်းဝင်ရေ (Surge) ဖြစ်ပေါ်လာပါက အဆိုပါ တံတားကို ခြိမ်းခြောက်လျက်ရှိတဲ့ အခြေအနေရှိတယ်လို့ သုံးသပ်လိုပါတယ်။ နေ့စဉ်လိုလိုပင် ကျောက်ပန်းတောင်း- တောင်သာ-မြင်းခြံ- မန္တလေး ခရီးစဉ်တစ်လျှောက် ဝန်တင်အားမြင့်မားတဲ့ ယာဉ်ကြီးများ အပါအဝင် မော်တော်ယာဉ်ပေါင်းစုံ (၂၀၀)စီးခန့် ဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိတဲ့ တံတားလည်း ဖြစ်ပါတယ်။ ဤကဲ့သို့ ခံနိုင်ဝန် (၁၃)တန် ဘေလီတစ်ထပ်တံတားကို အသုံးပြုကြရာမှာ အလွန် အန္တရာယ်များပြားတဲ့အပြင် တံတားအဝင်အထွက် ချဉ်းကပ်လမ်းမှာလည်း လွန်စွာမတ်စောက်ပြီး ကုန်တင်ယာဉ်ကြီးများခက်ခဲစွာ တက်ဆင်းသွားလာနေရပါတယ်။ လျှောစောက် (Gradient) (၁.၅)မှ (၁.၇)အတွင်းရှိမယ်လို့ ခန့်မှန်းရပါတယ်။ လက်ရှိအချိန်မှာ အဆိုပါ လမ်းပိုင်းပေါ်မှာ ရှိသင့်ရှိထိုက်တဲ့ ခံနိုင်ဝန်တန် (၆၀)ရှိ သံကူကွန်ကရစ် တံတားကြီးများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ထားရှိပြီးဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုလည်း ကျွန်တော်တို့ ကျေးဇူး အထူးတင်ရှိပါကြောင်းလည်း တစ်ဆက်တည်း ကျွန်တော်တင်ပြ လိုပါတယ်။ ယခုတင်ပြတဲ့ လိန်ပင်အိုင့် ဘေလီတံတား (၁၃)တန်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ခံနိုင်ဝန်ရှိတဲ့ သံကူကွန်ကရစ် တံတားဖြင့် အစားထိုးမြှင့်တင် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေတယ်လို့ ကျွန်တော် သုံးသပ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ (၁) ရန်ကုန်-ပြည်-မန္တလေး မော်တော်ကားလမ်းပိုင်း မိုင်တိုင် ၄၂၃/၃-၄ တွင်ရှိ တံတား အမှတ် ၁/၄၂၄ ဘေလီတစ်ထပ်တံတား (Double Single)အား သင့်လျော်မည့် တံတားခံနိုင်ဝန်ဖြင့် သံကူ ကွန်ကရစ်တံတားအဖြစ် ပြန်လည်အဆင့် တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ၊(၂) ပြန်လည်

အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်မည်ကို ကျေးဇူးပြု၍ ကျွန်တော် သိရှိလိုပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ရှိပါတယ်။

**မြင်းခြံ-မိတ္ထီလာ-မန္တလေးမြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မြင်းခြံ-မိတ္ထီလာ-မန္တလေးမြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့စည်းဝင်ဝန်ကြီးနဲ့ ဒုတိယ ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး စိတ်၏ ချမ်းသာခြင်းကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းနှင့် မိတ္ထီလာ-မြင်းခြံလမ်း ဆက်သွယ်သော မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့သည် လမ်းမကြီး(၅)သွယ်ဖြစ်သော ရန်ကုန်-မန္တလေးလမ်း၊ မိတ္ထီလာ-မန္တလေးလမ်း၊ တောင်ကြီး-မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၊ မြင်းခြံ-မိတ္ထီလာလမ်းများကို ဖြတ်သန်းသွားလာနေသည့် လမ်းဆုံမြို့ ဖြစ်ပါတယ်။ မန္တလေးတိုင်းအတွင်း ဒုတိယအကြီးဆုံးမြို့ ဖြစ်သည်နှင့်အညီ လူဦးရေ (၁.၅)သိန်းခန့်ရှိပြီး တိုးတက်လာသော ယာဉ်များကြောင့်လည်းကောင်း၊ လမ်းမကြီး(၅)သွယ်မှာလည်း မြို့တွင်းမှ ဖြတ်သန်းသွားလာရခြင်းကြောင့်လည်းကောင်း၊ လမ်းမကြီးများဖြတ်သန်းသွားလာရာ လမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်အန္တရာယ် ဖြစ်ပေါ်လာမှုများ ကြုံတွေ့နေရပါတယ်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှလည်း ရန်ကုန်-မိတ္ထီလာ-မန္တလေး- လမ်းမကြီးများအတွက် မြို့ရှောင်လမ်းအား မိတ္ထီလာ-မန္တလေး မိုင်တိုင် ၃၄၈/၀၊ သပြေဝမှ မိတ္ထီလာ- ရန်ကုန်လမ်း မိုင်တိုင် ၃၃၄/၄၊ ကန်တောင်ထိ မြို့ရှောင်လမ်း ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ မိတ္ထီလာ-မြင်းခြံလမ်းမှ မိတ္ထီလာ- မန္တလေးလမ်းအထိ မြို့ရှောင်လမ်းသည်လည်း ၁၉၉၁ ခုနှစ်က မြင်းခြံလမ်း မိုင်တိုင် ၃/၁ မှ မန္တလေးလမ်း မိုင်တိုင် ၃၄၁/၇ ထိ လမ်းအူကြောင်း ဆောင်ရွက်ထားရှိပြီး အရှည်(၄)မိုင်ခန့်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြင်းခြံ-မိတ္ထီလာ-မန္တလေး မြို့ရှောင်လမ်းအား ပြန်လည်ဖော်ထုတ်ဆောင်ရွက်လျှင် မိတ္ထီလာမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်လာမှုများ လျော့ကျသွားနိုင်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-

မန္တလေးလမ်းနှင့် မိတ္ထီလာ -မြင်းခြံလမ်း ဆက်သွယ်သော မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆန္ဒပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အမှတ်(၆)မဲဆန္ဒနယ် မှ ဦးမျိုးမြင့် မေးမြန်းတဲ့ ရန်ကုန်-ပြည်-မန္တလေး မော်တော်ကားလမ်းပိုင်း မိုင်တိုင် ၄၂၃/၃-၄ မှာရှိတဲ့ လိန်ပင်အိုင့် ဘေလီတံတား တံတားအမှတ်(၁/ ၄၂၄) အား အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်-ပြည်-မန္တလေးလမ်း မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းမှာ ကျောက်ပန်းတောင်း-တောင်သာနယ်ခြား အနီးမှာရှိတဲ့ မိုင်တိုင် ၄၂၃/၃-၄ မှာ ရှိတဲ့ တံတားအမှတ် ၁/၄၂၄ ဟာ အရှည်ပေ (၈၁)ပေရှိတဲ့ လိန်ပင်အိုင့် တံတားဟာ နှစ်လွှာ တစ်ထပ် ဘေလီတံတားဖြစ်ပြီးတော့ အလယ်မှာသစ်သားဒေါက် ထောက်ထားပါတယ်။ တံတားခံနိုင်ဝန်ကို (၁၃)တန်လို့ သတ်မှတ်ထားပါတယ်။ လက်ရှိအခြေအနေမှာတော့ တံတားကြံ့ခိုင်မှု အနေအထား ကလည်း ကောင်းမွန်နေပါတယ်။ ကျွန်တော်တို့လည်း အမြဲစစ်ဆေးပြီးတော့ လိုအပ်တဲ့ ပြုပြင်မှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်-ပြည်-မန္တလေးလမ်း ကျောက်ပန်းတောင်းနဲ့ တောင်သာမြို့နယ်အတွင်းမှာ တံတားမရှိတဲ့ ချောင်း(၄)ချောင်းအနက် ချောင်းမချောင်း၊ ကိုင်းချောင်း၊ ဆီမီးကန်ချောင်းတို့အား သံကူကွန်ကရစ် နှစ်လမ်းသွားတံတားများအဖြစ် တည်ဆောက်လျက်ရှိရာ ချောင်းမချောင်းနဲ့ ဆီမီးကန်ချောင်းတို့က ပြီးစီးပြီးတော့ ကိုင်းချောင်းတံတားကလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးမှာ ဖြစ်ပါတယ်။ကျန်ရှိတဲ့ တောင်သာချောင်းကိုလည်း ၂၀၁၅-၂၀၁၆ မှာ ဘဏ္ဍာနှစ်အတွင်း စတင်တည်ဆောက်သွားဖို့ အစီအစဉ် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လိန်ပင်အိုင့်ဘေလီတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ တင်ပြတောင်းခံခြင်းတော့ မရှိသေးပါဘူး။ သို့ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြပြီးတော့ အတက်အဆင်းလည်း လျော့နည်းစေရန်အတွက် တံတားကို မြှင့်ပြီးတော့ လိုအပ်သလို ကောင်းမွန်အောင် ကျွန်တော်တို့ တည်ဆောက်ပေးမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် မှ မေးမြန်းတဲ့ မြင်းခြံ-မိတ္ထီလာ-မန္တလေး မြို့ရှောင် လမ်းကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိုဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိတ္ထီလာမြို့ဟာ လမ်းမကြီး (၅)သွယ်ဖြစ်တဲ့ ရန်ကုန်-မိတ္ထီလာလမ်း၊ မိတ္ထီလာ-မန္တလေးလမ်း၊ တောင်ကြီး-မိတ္ထီလာလမ်း၊ ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်း၊ မြင်းခြံ-မိတ္ထီလာလမ်းတို့ ဖြတ်သန်းနေရတဲ့ လမ်းဆုံမြို့ ဖြစ်ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ ရန်ကုန်-မိတ္ထီလာ-မန္တလေး လမ်းမကြီးအတွက် မိတ္ထီလာမြို့ရှောင်လမ်းကို ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် ၃၃၀/၄ (ကန်တောင်)ကနေပြီးတော့ ၃၄၉/၃ (သပြေဝ)အထိ (၁၄)မိုင် (၅) ဖာလုံအား B.O.T စနစ်နဲ့ယုဇန ဆောက်လုပ်ရေးကုမ္ပဏီမှ (၅)မိုင် (၂)ဖာလုံနဲ့ သော်တာဝင်း ဆောက်လုပ်ရေးက (၉)မိုင် (၃)ဖာလုံနဲ့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ မိတ္ထီလာ-မြင်းခြံလမ်းနဲ့ ရန်ကုန်-မိတ္ထီလာ-မန္တလေးလမ်းတို့ကို ဆက်သွယ်မယ့် မိတ္ထီလာ မြို့ရှောင်လမ်းကို ၁၉၉၁ ခုနှစ်မှာ စည်ပင်သာယာရေး အဖွဲ့က ဖောက်လုပ်ခဲ့ပြီးတော့ (၄)မိုင်ခန့် ရှည်လျားတယ်လို့ သိရှိရပါတယ်။ ဒီလမ်းနဲ့ပတ်သက်ပြီး တော့ ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ လမ်းကြပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက် ဒီမြို့ရှောင် လမ်းက တကယ်တော့ လိုအပ်ပါတယ်။ ဒါကြောင့် ဒီမြို့ရှောင်လမ်းကို ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမှာဖြစ်ပြီးတော့ မြို့ရှောင်လမ်းအဖြစ် အသုံးပြု နိုင်မယ်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ဆောင်ရွက် ပေးမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများ ဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်အား နိုင်ငံခြားခရီးသွားလုပ်ငန်း မြှင့်တင်စေရေးအတွက် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်အား နိုင်ငံခြားခရီးသွားလုပ်ငန်း မြှင့်တင်စေရေးအတွက် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံး မင်္ဂလာပါ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျန်းမာကြပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မတူပီမြို့ကို

နိုင်ငံခြားခရီးဧည့်သည်များ အဆင့်မြှင့်တင်ပေးပါရန်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မတူပီမြို့နှင့် (၁၅)မိုင်ခန့် ကွာဝေးသော ဘုံတလာ ရေတံခွန်သည် တောင်ထိပ်ပေ (၁၅၀၀)အမြင့်မှ လည်မြို့မြစ်သည် စီးကျလာသဖြင့် သဘာဝ အလျှောက် ရှုခင်းအလွန်လှပပါတယ်။ ကျောက်ဆောင်၊ ကျောက်ကမ်းပါးများကို အမှီပြု၍ အဆင့်(၅)ဆင့်ခံပြီး စီးကျလာသော ရေတံခွန်ဖြစ်သည့်အပြင် ကျောက်ကမ်းပါးများ၌ ပျားအုံကြီးများ အစုလိုက် မှီတွယ်လျက်တည်ရှိသည်ကို တွေ့မြင်ရသည့်အပြင် သဘာဝ ၄က်တိရိစ္ဆာန်များနှင့် သစ်ခွပန်းများလည်း လှပစွာရှိပါတယ်။ Power Point နှင့် ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်များ ဘုံတလာရေတံခွန် ဆိုတာ မည်သည့်နေရာမှာရှိတယ် ဆိုတာကို သိရှိဖို့ ပြခြင်း ဖြစ်ပါတယ်။ အဲဒါ မတူပီမြို့ အဝင်ဝပါ။ အဲဒါ မတူပီမြို့ပေါ်မှာပါ။ အဲဒါကအဝေးကနေ လှမ်းရိုက်တဲ့ ဘုံတလာရေတံခွန်ဆိုတာ အဲဒါပါပဲ အရင်က အစိုးရကနေ လျှပ်စစ်မီးထုတ်လုပ်နိုင်မှု အခြေအနေ ရှိ/မရှိ စမ်းသပ်ခဲ့တဲ့ နေရာဒေသဖြစ်ပါတယ်။ အဲဒါကတော့ လမ်းခရီးတလျှောက်ရဲ့ မတူပီနဲ့မင်းတပ်ကြားမှာ တွေ့မြင်ရတဲ့ ပန်းအလှတွေ ချယ်ရီပန်းတွေ ဖြစ်ပါတယ်။ ဒါတွေကလမ်းမှာ တွေ့ရတဲ့ ပန်းတွေ ဖြစ်ပါတယ်။ ဘုံတလာရေတံခွန်ဆိုတာ အဲဒါက မတူပီနဲ့ မင်းတပ်ကြားမှာ(၅၁)မိုင် တဝိုက်မှာ တွေ့ရတဲ့ လမ်းခရီးဖြစ်ပါတယ်။ အဲဒါကလည်း ဒီလိုမတူပီနဲ့ မင်းတပ်ကြား ဘုံတလာသွားတဲ့ လမ်းတွေ ဖြစ်ပါတယ်။ အဲဒါကလည်း ဒီတိုင်းပါပဲ တောင်ထိပ်မှာ ဘုရားတည်ထားတာ မတူပီနဲ့မင်းတပ်ကြားမှာ ရှုခင်းတွေ အဲဒါ နိုင်ငံခြားခရီးသည်တွေ သွားလာတယ်ဆိုရင်လည်း ဒီလမ်းခရီး လျှောက်မိုင်(၁၀၀)မှာ ရှုခင်းတွေက အလွန်သာယာလှပကြောင်းကို ကျွန်တော် ပုံအားဖြင့် တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒါ ဘုံတလာရေတံခွန် သဘာဝပါ။ အဲဒါကလည်း ဘုံတလာ ရေတံခွန်ရဲ့ အဆင့်တစ်ဆင့်ပြီးတစ်ဆင့်ကျဆင်းလာတဲ့ ရေတွေပါ အဲဒါပျားအုံဆိုတာ သက်သက်ကပ် ထားတာပါ ချောက်ကမ်းပါးပေါ်မှာ အဲဒီပျားအုံက အုံလိုက်ကပ်တယ် ရေတံခွန်ဘေးက ဟာ အဲဒါ ရေတံခွန်ရဲ့ နောက်ဆုံးအဆင့်ပါ။ အဲဒါကချင်းပြည်နယ်ရဲ့ အိမ်တွေရဲ့ အဝင်ဝပါ။ နိုင်ငံခြားခရီးသည်များ လာလို့ရှိရင် ဒါ သဘာဝအတိုင်း ထိုင်နေကြတာ အဲဒါ ရေတံခွန်နားမှာရှိတဲ့ ရွာတွေပါ။ အဲဒီမှာတည်း၊ ရေချိုးလို့ရပါတယ်။ အဲဒါ ရွာလေးတွေပါ။ အဲဒါက နိုင်ငံခြားသားတွေလာလို့ရှိရင် လေ့လာဖို့အတွက် ပြထားတာပါ။ အဲဒါရိုးရာဓလေ့ ကျွန်တော်တို့ဆီက အကပါ၊ ဒါကတော့ ဆန်ထောင်းတဲ့ ဓလေ့ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေတံခွန်နှင့် (၁)မိုင် အကွာအဝေးအထိ ကတ္တရာလမ်း ပေါက်ရောက်ပြီးဖြစ်၍ သွားလာရေး အခက်အခဲ မရှိတော့သည့်အပြင် မတူပီမြို့နယ် ယင်းဒေသတစ်ဝိုက်သည် အဖြူရောင်နယ်မြေဖြစ်ပြီး လုံခြုံရေးအတွက် စိုးရိမ်စရာလုံးဝ မရှိတော့ပါ။ မတူပီမြို့ပေါ်ရှိ ဗျူဟာရုံးနှင့် တပ်ရင်း (၂)ရင်း ရှိပါတယ်။ နိုင်ငံခြားသားများ တည်းခိုစရာ မိုတယ်များလည်း ရှိပါတယ်။ ပခုက္ကူ-မင်းတပ်-မတူပီထိ ကတ္တရာလမ်းလည်း ပေါက်ရောက်ပြီး ဖြစ်သည့်အပြင် နိုင်ငံခြားဧည့်သည်များသွားလာရေး အခက်အခဲ မရှိတော့ပါ။ ဒီအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မင်းတပ်မြို့မှာ ဟိုတယ်များ တည်ဆောက်ပေးရန် အစီအစဥ်များ ရှိပါသဖြင့် ပိုမိုပြီး အဆင်ပြေလာမှာဖြစ်ပါတယ်။ မတူပီမြို့နယ် ဘုံတလာကြားမှာ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မရှိကြောင်း တင်ပြပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်အား

နိုင်ငံခြားခရီးသွားမြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ (၉)မြို့နယ် ရှိတဲ့အထဲမှာ ပလက်ဝမြို့နယ်၊ မတူပီမြို့နယ်(၂)ခုကိုသာ ကန့်သတ်အနေနဲ့ထားပါတယ်။ ဒါကြောင့်မို့လို့ ယခု အဲဒီ ကန့်သတ်နယ်မြေကို ပယ်ဖျက်ပေးပြီး မတူပီမြို့ကို လွတ်လွတ်လပ်လပ်နဲ့ သွားလာခွင့်ပြုနိုင်ရေးအတွက် တင်ပြမေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မတူပီ-မင်းတပ်သွားလမ်းပုံ (၈)




ဘုံလာရေတံခွန်အား အဝေးမှ မြင်ရပုံ (၈-၁)



ဘုံလာရေတံခွန်ပုံ (၈-၂)



**ရှားတောမြို့နယ်တွင် မြို့နယ်ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း က ရှားတော မြို့နယ်တွင် မြို့နယ်ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ် ရှားတောမြို့နယ်မှာ မြို့နယ်ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ်တွင် မြို့နယ် (၇)မြို့နယ်ရှိတဲ့အနက် ရှားတောမြို့နယ်ဟာ ကယားပြည်နယ်ရဲ့ မြို့တော် လွိုင်ကော်ရဲ့ အရှေ့ဖက် (၄၁) မိုင်အကွာမှာ တည်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ တောတောင်ထူထပ်ပြီးတော့ တောင်တက်၊ တောင်ဆင်းများတဲ့ မော်တော်ကားလမ်းနဲ့ သွားလာရတဲ့ခရီးဖြစ်ပါတယ်။ ယခင်တုန်းက ရှားတောမြို့နယ်ဟာ မငြိမ်းချမ်းတဲ့ကာလမှာ ဖွံ့ဖြိုးတိုးတက်မှု မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ ရှားတော-လွိုင်ကော်ကို တစ်နေကုန် ခရီးသွားလာခဲ့ရပါတယ်။ ကြောက်ကြောက်လန့်လန့်နဲ့ပဲ ဒါခရီးသွားခဲ့ရပါတယ်။

ဒါပေမဲ့ ယခုအခါကျတော့ ပြည်နယ်အတွင်းမှာ အပစ်အခတ်ရပ်စဲရေး ရယူထားတဲ့ တိုင်းရင်းသား အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီးတော့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လို့ ရနေပြီ ဖြစ်ပါတယ်။ ရှားတောမြို့နယ်ဟာ မြို့နယ်အစည်းအဝေးခန်းမ မရှိတဲ့အတွက် ယခင်တုန်းက ဆောက်လုပ်ထားတဲ့ စုပေါင်းရုံးအစည်းအဝေး ခန်းမမှာပဲ ပြုလုပ်နေရပါတယ်။ အဲဒီအစည်းအဝေး ခန်းမ ကလည်း သေးငယ်တဲ့အတွက် ရှားတောမြို့နယ်ဟာ မြို့နယ်အင်္ဂါရပ်နဲ့အညီ မြို့နယ်အစည်းအဝေးခန်းမ ဆောက်လုပ်ပေးရန် အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။

အဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) ရှားတောမြို့နယ်အတွက် မြို့နယ်အစည်းအဝေးခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) မြို့နယ်အစည်းအဝေးခန်းမ ဆောက်လုပ်မည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ် တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုတဲ့အတွက် မဲဆန္ဒရှင် ပြည်သူလူထုရဲ့ကိုယ်စား အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဌာန-၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည် ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ် မတူပီမြို့နယ်မှာရှိတဲ့ ဘုံတလာရေတံခွန်ကို နိုင်ငံခြားသား ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက်ကို အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ချင်းပြည်နယ်အတွင်းမှာ ကန်ပက်လက်မြို့နယ်၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ ဖလမ်းမြို့နယ် ရိဒ်ရေကန်၊ မတူပီမြို့နယ် ဘုံတလာရေတံခွန် အပါအဝင် သဘာဝရှုခင်းများ ပေါများသည့် ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ချင်းပြည်နယ်အနေနဲ့ ယခုအခါ ပလက်ဝမြို့နယ်အပါအဝင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အထူးကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။ မေးခွန်းပါ နိုင်ငံခြားသားခရီးသွားလုပ်ငန်း အပါအဝင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် အဓိကလိုအပ်ချက်ဟာ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရေးပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါတဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက်ကို ချင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်နေခြင်းဟာလည်း ချင်းပြည်နယ်အတွင်းမှာ မှီတင်း

နေထိုင်တဲ့ တိုင်းရင်းသားပြည်သူ/ပြည်သားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရုံသာမက အဆိုပါ ခရီးသွားလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ဆောင်ရွက်လာစေရေးအတွက်ကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း မေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကယားပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကယားပြည်နယ်၊ ရှားတောမြို့နယ်မှာ မြို့တော်ခန်းမဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းများနှင့် ပတ်သက် ပြီးတော့ လျာထားစာရင်းများကို ကယားပြည်နယ်ရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်း နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ရသုံးမှန်းခြေငွေစာရင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်၊ ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ အတည်ပြုချက်တို့နဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြဆောင်ရွက်ပြီး ဖြစ်ပါတယ်။

အဆိုပါလျာထားတဲ့ ရသုံးမှန်းခြေ ငွေစာရင်းမှာ ရှားတောမြို့နယ်၊ မြို့တော်ခန်းမ တည်ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ လျာထားဆောင်ရွက်ထားရှိမှု မရှိပါ။ ဦးစားပေး ဆောင်ရွက် သင့်တဲ့လုပ်ငန်းများကိုသာ လျာထားဆောင်ရွက်ထားတဲ့အတွက်ကြောင့် ရှားတောမြို့နယ် ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည် ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ တစ်ဆင့် ဒုတိယဝန်ကြီးအား ကျွန်တော်မရှင်းလို့ ပြန်လည်မေးမြန်းအပ်ပါတယ်။ ကျွန်တော်မေးမြန်းတာ နိုင်ငံခြား ခရီးသွားလာ မြှင့်တင်ရေးကို အခြေခံပြီးတော့ မေးမြန်းတာဖြစ်ပါတယ်။ အခုဟာ လမ်းပန်းဆက်သွယ်ရေး ကိုပဲ ဖြေကြားတဲ့အတွက် ဒီဟာကျွန်တော် နားမလည်လို့လား မသိဘူး။ အဲဒါ ရှင်းရှင်းလင်းလင်း၊ နိုင်ငံခြား ခရီးသွားလာရေး မြှင့်တင်ဖို့ အစီအစဉ်ရှိ/မရှိကိုပဲ ကျွန်တော်မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ။ ပြည်နယ်ကိုယ်စား ဖြေရတာဆိုတော့ ဖြေနိုင်လား။ ရတယ်နော်။ အဲဒီတော့ ဖြေပါ။ ပြန်မေးပြီးတော့၊ စာနဲ့ပြန်ဖြေလိုက်ပါ။ တကယ်တော့ ချင်းပြည်နယ်မှာ စိုက်ပျိုးရေးဆိုတာလည်း ဖြစ်ဖြစ်မြောက်မြောက် လုပ်လို့မရဘူး။ မွေးမြူရေးဆိုတာလည်း ဖြစ်ဖြစ်မြောက်မြောက် လုပ်လို့မရဘူး။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် ဒီခရီးသွားလုပ်ငန်းက စရမယ်။ ဒါ မှန်ပါတယ်။ ခရီးသွားလုပ်ငန်း စပြီးတော့ လုပ်ရမယ်။ နောက် ဓာတ်သတ္တုရှာရမှာပေါ့။ အဲဒီတော့ အဲဒီလုပ်ငန်း နှစ်ခုနဲ့မှ ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်လို့ရမယ့်ကိစ္စ ရှိပါတယ်။ အဲဒီတော့ ဒါလေးကို ပြန်မေးပေးပါဦး။ မေးခွန်းနဲ့ အဖြေနဲ့ လွဲနေပါတယ်။ ဒုတိယဝန်ကြီး ပြည်လည်ထွက်ခွာလို့ ရပါပြီ။ စာနဲ့ ဖြေပေးလိုက်ပါ။

**ချင်းပြည်နယ်၊ ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမေးခွန်း မေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ရိခေါဒါရ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ရိခေါဒါရ်မြို့သည် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး အမှတ်(၂)စခန်းတည်ရှိသည့် မြို့ဖြစ်ရာ ချင်းပြည်နယ်အတွင်း စီးပွားရေး အချက်အချာကျသည့် မြို့ဖြစ်ခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်း (One Stop Service)မှ လက်ခံရရှိငွေများ ရိခေါဒါရ်အစိုးရငွေတိုက်တွင်သာ ခေတ္တအပ်နှံပြီး၊ တီးတိန်မြန်မာ့စီးပွားရေးဘဏ်သို့ လစဉ်သွားရောက် သယ်ဆောင်ရခြင်းနှင့် ရိခေါဒါရ်အစိုးရ ငွေတိုက်၏ လိုအပ်သော ဘဏ္ဍာငွေများအား တီးတိန်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်သယ်ယူခြင်းများကြောင့် ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပါက လိုအပ်ငွေသယ်ယူခြင်း (သို့မဟုတ်) ပိုလျှံငွေ ပြန်လည်ပေးပို့ခြင်းသာ ပြုလုပ်မည်ဖြစ်၍ သယ်ယူစရိတ်ပိုမိုသက်သာလာမည်ဖြစ်ခြင်း၊ ဒေသတွင်းရှိ ဝန်ထမ်းအငြိမ်းစား ဦးရေ (၃၀၀)ခန့်၏ ပင်စင်လစာနှင့် ဌာနဆိုင်ရာများ၏ လစာနှင့်စရိတ်များအား ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပါက ရိခေါဒါရ်မြို့တွင် ထုတ်ပေးနိုင်မည်ဖြစ်ခြင်း၊ လူဦးရေ(၁၀၀၀၀)ကျော်၏ ငွေရေးကြေးရေး ကိစ္စများကို ဆောင်ရွက်ပေးနိုင်မည့်အပြင် နယ်စပ်ဒေသ ငွေလွှဲပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသဖြင့် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲအား ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လှယ်ထန်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီး ဌာနရဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့ စီးပွားရေးဘဏ်ဟာ နိုင်ငံတစ်ဝှမ်းမှာ အစိုးရဌာနဆိုင်ရာများနှင့် ပြည်သူလူထုများအတွက် ဘဏ် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ဖို့ ဘဏ်ခွဲပေါင်း (၃၄၀)ခု ဖွင့်လှစ်ဆောင်ရွက် ထားရှိပြီး ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး၊ ဝေးလံခေါင်းပါးတဲ့ ဒေသ များမှ ပြည်သူလူထုများကို ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ဖို့ အတွက် သင့်တော်တဲ့မြို့နယ်များမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ဘဏ်ငွေတိုက်ခွဲတွေကို တိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ဘဏ်ခွဲတစ်ခုဖွင့်လှစ်တဲ့အခါမှာ လိုအပ်တဲ့မြေနေရာ ဝယ်ယူ ရခြင်း၊ ဘဏ်ခွဲအဆောက်အအုံနှင့် ငွေသိုလှောင်ခန်းဆောက်လုပ်ခြင်း၊ ဘဏ်ခွဲအတွက် ပရိဘောဂနှင့် စက်ပစ္စည်းများ ဖြည့်တင်းခြင်း၊ ဝန်ထမ်းများခန့်ထားခြင်းနှင့် ၎င်းတို့ရဲ့ နေရေးထိုင်ရေးကိစ္စရပ်များ အပါအဝင် ဝန်ထမ်းဆိုင်ရာစီမံခန့်ခွဲခြင်း၊ ဘဏ္ဍာငွေ သယ်ယူရေးအတွက် လုံခြုံရေးအကူအညီရရှိရေး၊ ဆက်သွယ်ရေးအတွက် အော်တိုတယ်လီဖုန်းလိုင်းများ တပ်ဆင်နိုင်မှုအခြေအနေ၊ လျှပ်စစ်မီး လုံလောက် စွာ သုံးစွဲနိုင်မှုအခြေအနေနဲ့ သက်ဆိုင်ရာနယ်မြေဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အလား အလာ၊ လတ်တလော ဘဏ်ဝန်ဆောင်မှုပြုနိုင်မယ့် အခြေအနေတို့ကိုပါ ထည့်သွင်းစဉ်းစားပြီးတော့ ဦးစားပေးအဆင့်အလိုက် ဘဏ်ခွဲများ ဖွင့်လှစ် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ရိခေါဒါရ်မြို့နယ်ဟာ ရပ်ကွက်(၂)ခု၊ ကျေးရွာ(၆)ရွာနဲ့ ဖွဲ့စည်းထားပြီးတော့ လူဦးရေ (၉၀၁၅) ဦးရှိပြီး ဖလမ်းမြို့နဲ့ (၆၄)မိုင်ကျော် ကွာဝေးပြီးတော့ တီးတိန်မြို့နှင့် (၃၂)မိုင်ကျော်ခန့် ကွာဝေးပါတယ်။ ရိခေါဒါရ်မြို့မှာ အစိုးရငွေတိုက်ခွဲ (၁)ခုရှိပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန နှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများအတွက် လစာများထုတ်ပေးလျက် ရှိပြီး၊ ရိခေါဒါရ်မြို့မှ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်း(၁၆)ခု၊ ပင်စင်စားဦးရေ(၂၀၆)ခု၊ စာရင်းရှင်စာရင်းဦးရေ(၁)ခုနှင့် ငွေစု ဘဏ် စာရင်းဦးရေ(၂၅၀)ခု အပါအဝင် ဒေသခံများအနေနဲ့ ဖလမ်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်မှာ လည်းကောင်း၊ ရိခေါဒါရ်မြို့မှ ပင်စင်စားဦးရေ(၁၀)ဦး အပါအဝင် အချို့ဒေသခံများဟာ တီးတိန်မြို့၊ မြန်မာ့ စီးပွားရေးဘဏ်ခွဲများတွင်လည်းကောင်း ဘဏ်ဝန်ဆောင်မှုများ ရယူဆောင်ရွက်လျက် ရှိပါတယ်။

လက်ရှိအခြေအနေမှာ ရိခေါဒါရ်မြို့မှာရှိတဲ့ ဌာနဆိုင်ရာများ၊ ပင်စင်စားများနှင့် မိဘပြည်သူ များဟာ ဖလမ်းခရိုင်ဘဏ်ခွဲနှင့် တီးတိန်မြို့နယ်ဘဏ်ခွဲတွေမှာ ဘဏ်ဝန်ဆောင်မှုများ အလွယ်တကူ ဆောင်ရွက်နိုင်ပါတယ်။ အဆိုပါ ဘဏ်ခွဲများအနေနဲ့လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲနဲ့ ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တီးတိန်ဘဏ်ခွဲအနေနဲ့ ရိခေါဒါရ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ လက်ခံ ရရှိတဲ့ ဘဏ္ဍာငွေတွေကို (၃)လမှာ တစ်ကြိမ်ခန့်သာ သယ်ယူဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် ရိခေါဒါရ်မြို့မှာ လျှပ်စစ်မီးသုံးစွဲနိုင်မှုအခြေအနေဟာ တစ်ရက်ကို (၃)နာရီခန့်သာ သုံးစွဲနိုင်ပြီး ငွေလွှဲပို့ခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ဖို့အတွက် အော်တိုတယ်လီဖုန်းလိုင်း များ တပ်ဆင်ပေးနိုင်မှု မရှိသေးကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ပေးလျက်ရှိရာမှာ နိုင်ငံ့ဘဏ္ဍာငွေကို ဦးစားပေးအဆင့်အလိုက် သုံးစွဲမှုပြုနေရခြင်းကြောင့် လက်ရှိအခြေအနေမှာ ရိခေါဒါရ်မြို့မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် နယ်မြေဒေသဖွံ့ဖြိုးလာမယ့် အခြေအနေအပေါ် မူတည်သုံးသပ်ပြီး ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ဖို့ သင့်တော်တဲ့အချိန်မှာ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နည်းနည်းထပ်ဆင့်မေးခွန်း မေးချင်ပါတယ်။ ခုနကဖြေတဲ့အချိန်မှာ နယ်စပ်မြို့ရဲ့ စီးပွားရေးအခြေအနေ ကောင်းမွန်လာမှုနဲ့ ဒီအပေါ်မှာမူတည်ပြီးတော့ ဖွင့်မယ်။ ပြီးတော့ ဆက်သွယ်ရေး၊ တယ်လီဖုန်း မရရှိသေးတာတွေ အကြောင်းပြလာတာတွေ တွေ့ရပါတယ်။

ပြီးတော့ ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးချင်တာကတော့ အဲဒီနေရာဒေသတွေ စီးပွားရေး အခြေအနေ ကောင်းလာဖို့ဆိုရင် ဘဏ်ကလိုတယ်။ ကျွန်တော်တို့ အိန္ဒိယနဲ့ မြန်မာနိုင်ငံ နယ်စပ်ကို ကုန်သွယ်ရေး လုပ်တဲ့အချိန်မှာ တမူးနဲ့ ရိခေါဒါရ် က အဓိကနေရာဖြစ်ပါတယ်။ ဒီနေရာကို ဒီလိုအောင်မြင်ဖို့အတွက် ဘဏ်ကတော်တော်လို နေပါတယ်။ တယ်လီဖုန်းဆိုရင်လည်း အမှန်ဆိုရင် ရနေပါပြီ။ တယ်လီဖုန်း ဆက်သွယ်လို့ရပါတယ်။ ပြီးတော့ ကျန်တဲ့ လျှပ်စစ်ပိုင်းဆိုင်ရာလည်း ရတယ်။ ကျန်တဲ့ အခြေခံအဆောက်အဦက ရရှိပါတယ်၊ အမှန်ဆိုရင်။

ဘဏ်လုပ်ငန်းကို အစိုးရက လုပ်ပေးတဲ့အချိန်မှာ တကယ်လိုအပ်တဲ့နေရာတွေမှာ ဦးစား မပေးဘဲနဲ့ အခု ရန်ကုန်တို့၊ ဘာတို့မှာကြည့်မယ်ဆိုရင် ဘဏ်(၁)၊ ဘဏ်(၂)၊ ဘဏ်(၃)၊ ဘဏ်(၄)၊ ဘဏ်(၅)၊ ဘဏ်(၆) အဲဒီလိုမျိုးဟာ တစ်လမ်းတည်းမှာ ပန်းဆိုးတန်းထဲမှာ ကပ်လျက်ပြီးတော့ အဆောက်အဦတောင် တစ်လုံးတောင်မှ မခြားဘဲနဲ့ ဒီလိုထားနေပြီးတော့ မလိုအပ်ဘဲနဲ့ ရန်ကုန်တို့၊ ဘာတို့မှာ ပုဂ္ဂလိကဘဏ်တွေလည်း လွယ်လွယ်ကူကူ ဖွင့်လို့ရတယ်။ အဲဒီလိုမျိုးနေရာတွေကိုပဲ ဦးစား ပေးပြီးတော့ အခု ဦးစားပေးအစီအစဉ်အလိုက် လုပ်တဲ့အချိန်မှာ ပြည်သူတကယ်လိုအပ်နေတဲ့ နေရာ တွေကို ဦးစားပေး မသတ်မှတ်တာ ကျွန်တော် နားမလည်နိုင်ပါဘူး။ အဲဒါကြောင့် ဘာဖြစ်လို့လဲ၊ ဒါတွေက။ ဘယ်လိုဖြစ်လို့ ဦးစားပေးအစီအစဉ် မဖြစ်သေးတာလဲ။ အဲဒါကို နည်းနည်းထပ်မေးချင် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီ ရိခေါဒါရ်မှာ ဘဏ်ဖွင့်ရင် နေ့စဉ် နယ်စပ်ကုန်သွယ်ရေးအတွက် ငွေ အသွင်း/အထုတ် ပမာဏ ဘယ်လောက်လောက်ရှိနိုင်လဲ။ အဲဒီလို ပြည့်စုံအောင် တင်ပြလိုက်ပေါ့။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အခု နယ်စပ်ဒေသ စီးပွားရေး လုပ်ငန်း လုပ်တဲ့အချိန်မှာ ငွေလည်းတော်တော် လဲပါတယ် သူတို့။ အိန္ဒိယငွေနဲ့ မြန်မာငွေနဲ့ ဒါတွေက လည်း အစိုးရလုပ်မယ်ဆိုရင် အမြတ်လည်း ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေကို ဘဏ် လုပ်ငန်းကို အားကိုးလာနိုင်အောင် ပုဂ္ဂလိကမှာလည်း ငွေတွေလည်း မလဲဘဲနဲ့ ကုန်သွယ်ရေးမှာ နေ့စဉ်နှင့်အမျှ ငွေတွေလည်း လဲနေတာ ဖြစ်ပါတယ်။ ဒီကိစ္စတွေကိုလည်း ထည့်သွင်းစဉ်းစားပေး ပြီးတော့ ဖွင့်ပေးနိုင်မယ်ဆိုရင်တော့ ဒါ ဦးစားပေး ဖြစ်သင့်တယ်လို့ ကျွန်တော် မြင်မိလို့

**ဥက္ကဋ္ဌ။** ။ ငွေ Amount ဘယ်လောက်လောက် ရှိလဲ။ အသွင်း/အထုတ် နေ့စဉ် ဘယ်လောက်လောက် ရှိနိုင်မလဲ ဒီကုန်သွယ်ရေးပေါ် မူတည်ပြီးတော့ အဲဒီလို ပြည့်ပြည့်စုံစုံ တင်ပြဖို့ လိုတယ်။ ရိုခေါဒါရ် နယ်စပ်ကုန်သွယ်ရေးမှာ ဘဏ်ဖွင့်မယ်ဆိုရင် ငွေ အသွင်း/အထုတ် နေ့စဉ် ပမာဏ ဘယ်လောက်လောက် ရှိနိုင်မလဲ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့၊ အတိအကျ ကတော့ အစိုးရကပေါ့နော်။ ပြည်သူတွေကို တရားဝင်တဲ့နည်းလမ်းဟာ လမ်းကြောင်းမှန် မပို့ပေးတဲ့အချိန် ကျတော့ မှောင်ခိုလုပ်နေတာ တော်တော်များပါတယ်။ ဒါ ကျွန်တော်တို့ ကိန်းဂဏန်းအားဖြင့် အတိအကျ လုပ်ဖို့ခက်ပါတယ်။ အဲဒီလိုမျိုးပေါ့။ ဒီမှောင်ခိုလုပ်ငန်း၊ မှောင်ခိုလမ်းကြီးဖြစ်နေတဲ့ အတွက်ကြောင့် ဒီလိုမျိုး စနစ်တကျ အစိုးရလုပ်ပေးခြင်းအားဖြင့် ဒီမှောင်ခိုလုပ်ငန်းတွေလည်း တရားဝင်လမ်းကြောင်းမှန်ပေါ်မှာ အများကြီး ရောက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကို တင်ပြချင်တာပါ။

**ဥက္ကဋ္ဌ။** ။ မဟုတ်ဘူး။ အချက်အလက် ပြည့်စုံအောင် တင်ပြဖို့ လိုတယ်။ အဲဒီတော့ မှောင်ခိုလုပ်ငန်းဆိုရင်လည်း ဘယ်လောက်လောက် ရှိနေတယ်။ ငွေ Amount ဘယ်လောက်လောက် ရှိနေတယ်။ နေ့စဉ် ရောင်းတာ၊ ဝယ်တာပေါင်းလို့ရှိရင် ဒီဘဏ်မှာလာပြီးတော့ Transition ဖြစ်မှာ ဘယ်လောက်လောက် ရှိနေနိုင်သလဲ။ အခု မှောင်ခိုလုပ်နေတာ ဒီလောက်ရှိနေတယ်။ ဒါတွေအားလုံးဟာ ဘဏ်မှာ ဖြစ်လာတယ်ဆိုတာ အဲဒီလို အချက်အလက်ကို မေးတာ။ အချက်အလက် မရှိဘဲနဲ့ ရမ်းသန်းပြောလို့မရဘူး။ လိုချင်တာ တစ်ခုတည်းမရဘူးလေ။ အချက်အလက် ပြည့်စုံအောင် မေးရမှာ ပေါ့။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အချက်အလက်ကတော့ တော်တော်လေးခက်မှာပါ။ ဒီမှောင်ခိုလုပ်ငန်းကကျတော့၊ မှောင်ခိုဆိုတော့ ဘယ်လိုမှ အချက်အလက် သွားကောက်ဖို့တော့။ ဒါကို အစိုးရက စနစ်တကျ လမ်းကြောင်းမှာ ရောက်သွားအောင် Facility တွေ ဒီလိုမျိုးပေါ့။ အခြေခံအဆောက်အဦတွေပေါ့။ လမ်းကြောင်းမှန် လုပ်ပေးခြင်းအားဖြင့် စာရင်းတွေကလည်း မှန်ကန်လာမှာ ဖြစ်ပါတယ်။ အခု အခြေအနေမှာတော့ ဒီအချက်အလက် အပြည့်အစုံ တင်ပြဖို့ကတော့ ဖြစ်နိုင်ခြေရှိမယ်လို့ ကျွန်တော် မထင်ပါဘူးပေါ့။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ အချက်အလက် အပြည့်အစုံနဲ့ ပြန်မေးပါ။ နောက်တစ်ကြိမ်။ နောက်တစ်ခုက ဒီမေးခွန်းမေးတဲ့အခါမှာ ခုနက သတိထားမိတာပေါ့။ ဦးပေါ်လျှံလွင် မေးတဲ့မေးခွန်းကိုပဲ ဥပမာပေးမယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းအပ်ပါသည်ဆိုရင် ဟိုတယ်နှင့် ခရီးကပါ ဖြေရမယ့် သဘောရှိတာပေါ့နော်။ မေးခွန်းတွေက ခုနကလိုပေါ့။ မေးတာက၊ သက်ဆိုင်တာက တစ်ဌာန၊ လာဖြေတာက တစ်ဌာန၊ အဲဒီလိုတွေ ဖြစ်ဖြစ်နေတာ လေးတွေ တွေ့လာတဲ့အခါကျတော့ ဒါ အားလုံးပါ။ ဥပမာပဲ ပြောတာ။ အားလုံးပေါ့။ ကိုယ်မေးတဲ့မေးခွန်း သည် ဘယ်ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဘာသာရပ်လဲဆိုတာကို လေ့လာလိုက်၊ လေ့လာပြီး အဲဒီဝန်ကြီးဌာနကို မေးမြန်းပါ။ အဲဒီတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနဲ့လည်း ဆိုင်တယ်ဆိုရင် (၂) ခုလုံးကို မေးမြန်းပါတယ်။ ဒီလိုလေး ဆိုလို့ရှိရင် လာဖြေတဲ့နေရာမှာ ပိုပြီးတော့ တည့်မယ်လို့ ထင်တယ်။ နောက်မို့တော့ ခုနကလိုပေါ့။ ခုနက ဦးပေါ်လျှံလွင် မေးတာ။ ကျွန်တော် ယူဆတာကတော့ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လာဖြေရင် ပိုကောင်းမယ်လို့ ယူဆပါတယ်။ ချင်းပြည်နယ် အစိုးရဆိုတော့ သူက လမ်းပန်းဆက်သွယ်ရေးပဲ ဖြေပြီးတော့ နောက်ဆုံး ခင်ဗျားမေးတဲ့ မတူပီနဲ့ မင်းတပ်ကိုပဲ

ပိတ်ထားတဲ့ကိစ္စတွေ ဖွင့်ပေးပါဆိုတဲ့ကိစ္စ။ ဒါဆိုလို့ရှိရင်လည်း ဘယ်ဝန်ကြီးဌာနနဲ့ ဆိုင်လဲ။ ပြည်ထဲရေးနဲ့ ဆိုင်လား။ လူဝင်မှုကြီးကြပ်ရေးနဲ့ ဆိုင်လား။ မေးခွန်းမှာကို ခေါင်းစဉ် အဲဒီလိုတပ်ပြီးတော့ မေးကြဖို့ အားလုံးကို ပြောတာပါ။ ဦးပေါ်လျှံလွင် ထိုင်ပါ။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၀း၅၈ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၀:၅၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

အမြန်လမ်းမကြီးများ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂(က)(ခ)(ဇ)(ဈ)(ည)(ဋ)(ဍ)(ဎ)

၂။ (က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်။

(ဇ) ကူးပြောင်းလမ်းဆိုသည်မှာ အမြန်လမ်းမကြီးနှင့် အခြားလမ်းများဆုံသည့်နေရာတွင် မော်တော်ယာဉ်များ ကူးပြောင်းဝင်ထွက်သွားလာနိုင်ရန် တည်ဆောက်ထားသော တံတားနှင့်လမ်း အဆောက်အအုံကို ဆိုသည်။

(ဈ) လမ်းတာပေါင် ဆိုသည်မှာ လမ်းဖောက်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ မြေဖို့ တည်ဆောက်ထားသော တာပေါင်ကို ဆိုသည်။

(ည) လမ်းပခုံးဆိုသည်မှာ ယာဉ်သွားလမ်း၏တစ်ဘက် တစ်ချက်စီ၌ရှိပြီး လမ်းတာပေါင်ပေါ်တွင် မော်တော်ယာဉ် အရေးပေါ်ရပ်နားနိုင်ရန်နှင့် လမ်းမပျက်စီးစေရန် ထိန်းသိမ်းထားသော အစိတ်အပိုင်းကို ဆိုသည်။

(ဋ) လမ်းဆိုင်းဘုတ်ဆိုသည်မှာ အမြန်လမ်းမကြီး တစ်လျှောက်နှင့် လမ်းဆုံ၊ လမ်းခွဲများတွင် အကွာအဝေး သိရှိစေရန် ဖော်ပြထားသည့် ဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ်စေရန် သတိပေးဆိုင်းဘုတ်နှင့် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ချက်ဆိုင်းဘုတ်များကို ဆိုသည်။

(ဍ) အမြန်လမ်းမကြီးအင်္ဂါရပ်များဆိုရာတွင် အမြန်လမ်းမကြီးပေါ်တွင် ဖွဲ့စည်းပါဝင်သည့် လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ လမ်းနယ်တိုင်၊ လမ်းဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း၊ ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ အကာအကွယ်၊ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့်ထိန်းသိမ်းရေး စခန်းတို့ ပါဝင်သည် ဟု ပြင်ဆင်ထားပါတယ်။

(ပ) အမြန်လမ်းမကြီးအုပ်ချုပ်မှု ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမြန်လမ်းမကြီး အုပ်ချုပ်မှုအဖွဲ့ကို ဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(ဇ)(ဈ)(ည)(ဋ)(ဍ)(ပ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဇ)(ဈ)(ည)(ဋ)(ဍ)(ပ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ခ)

၃။ (က) အမြန်လမ်းမကြီးများကို ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် မော်တော်ယာဉ်များသွားလာမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြုခကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) အမြန်လမ်းမကြီးများကို အသုံးပြုသူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှုနှင့်သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက် -

အပိုဒ် ၄(ဃ)(င)(စ)(ဆ)

၄။ ဝန်ကြီးဌာနသည် အမြန်လမ်းမကြီးများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(ဃ) အမြန်လမ်းမကြီးများဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းညွှန်ခြင်း၊

(စ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနပြုခြင်း အပါအဝင် အမြန်လမ်းမကြီး ဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများတစ်လျှောက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်စည်းကမ်း ထိန်းသိမ်းရေးအတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(ဃ)(င)(စ)(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(ဃ)(င)(စ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅(က)(ဂ)(စ)(ဆ)(ဇ)(ဈ)

၅။ (က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် သတ်မှတ်ကြေညာခြင်း၊

(ဂ) အမြန်လမ်းမကြီးများ ဖောက်လုပ်ရန်၊ ထိန်းသိမ်းပြုပြင်ရန်နှင့် တိုးချဲ့ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊ လိုအပ်ပါကသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းတို့ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အအုံ ဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သည့် ယာဉ်ယန္တရားနှင့် စက်ကိရိယာ ပစ္စည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းခြင်း၊

(ဇ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံ

များနှင့် နည်းပညာဖလှယ်ခြင်းနှင့် အထောက်အပံ့အကူအညီရရှိရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အမြန်လမ်းမကြီးများ ဖောက်လုပ်နိုင်ရေးအတွက် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး သက်ရောက်မှုများကို ဆန်းစစ်စေခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(က)(ဂ)(စ)(ဆ)(ဇ)(ဈ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(က)(ဂ)(စ)(ဆ)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆(က)(ခ)

၆။ (က) ပြည့်စုံကောင်းမွန်သော လမ်းကွန်ရက်ဖြစ်ပေါ်စေရေး၊ အမြန်လမ်းမကြီး စီမံကိန်းများ အကောင်အထည်ဖော်ရန် အမြန်လမ်းမကြီးများ အုပ်ချုပ်မှုကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ လက်အောက်တွင် ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အမြန်လမ်းမကြီးများ အုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦး ဥက္ကဋ္ဌအဖြစ် ပါဝင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သက်ဆိုင်ရာ အရာထမ်းများ၊ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များနှင့် ဖွဲ့စည်းနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဎ)

အခန်း (၄)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ခ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ အဆင့်မြှင့်တင်ခြင်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည်စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) အမြန်လမ်းမကြီးများဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများရေရှည် တည်တံ့ရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်း၊

(င) အမြန်လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း သတ်မှတ်သည့် အပင်များ စိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသော အပင်များကိုရှင်းလင်းခြင်း၊ အများပြည်သူ သွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာ အမြန်လမ်းမကြီးများ၏ လမ်းအသုံးပြုခ နှုန်းထားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ကြေညာခြင်း၊

(ဆ) အမြန်လမ်းမကြီးများ၏ လမ်းအကျယ်၊ လမ်းပခုံး အကျယ်၊ လမ်းနယ်အကျယ် သတ်မှတ်ချက်ကို ကြေညာခြင်းနှင့် သက်ဆိုင်ရာ အမြန်လမ်းမကြီး၏ အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှု ရှိ/မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဇ) အမြန်လမ်းမကြီးများကို တိုးချဲ့ရာတွင်လည်းကောင်း၊ ထိန်းသိမ်းပြုပြင်ရာတွင်လည်းကောင်း၊ လမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို ယာယီအစီအစဉ်အရ

ပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲ ဖောက်လုပ်ခြင်း၊

(ဈ) အမြန်လမ်းမကြီးများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ည) အမြန်လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူစေရန် ဆောင်ရွက်ခြင်း၊

(ဋ) အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် ယာဉ်များကို သတ်မှတ်ကြေညာခြင်း၊

(ဌ) အမြန်လမ်းမကြီးများ၌ ယာဉ်မတော်တဆ ထိခိုက်မှုများ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဎ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့် စပ်လျဉ်း၍ အများပြည်သူ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၇(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ) (ည)(ဋ)(ဌ)(ဎ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဎ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈(ခ)

၈။ အမြန်လမ်းမကြီးများကို အသုံးပြုရာတွင် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်-

(ခ) အမြန်လမ်းမကြီး၏ တစ်ဘက်မှ အခြားတစ်ဘက်သို့ ဖြတ်သန်းသွားလာရာတွင် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉(ဂ)

၉။ အမြန်လမ်းမကြီးပေါ်၌ လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော မော်တော်ယာဉ်များမှအပ အခြားမော်တော်ယာဉ် များသည်-

(ဂ) ရာသီဥတု ဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ မြင်ကွင်းမကောင်းသည့် အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ် အမြန်နှုန်းထက် ပိုမမောင်းရ ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၁

၁၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး နယ်နိမိတ်ပြင်ပတွင် ယာဉ်ရပ်နားစခန်း အဆောက်အအုံများ အပါအဝင် အမြန်လမ်းမကြီး နှင့်သက်ဆိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ အခွန်အခ စည်းကြပ်ကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၄

၁၄။ အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်သည့် လုပ်သားများ၊ တာဝန်ယူကြီးကြပ်သူများ၊ မောင်းနှင်ခွင့် ပြုထားသည့် မော်တော်ယာဉ်များ သွားလာခြင်းမှအပ မည်သူမျှ ခြေလျင်သွားခြင်း၊ စက်ဘီး သို့မဟုတ် မော်တော်ဆိုင်ကယ် စီးနင်းသွားလာခြင်း၊ ထော်လာဂျီကဲ့သို့ အနှေးယာဉ်ဖြင့် သွားလာခြင်း၊ လှည်းနှင့်တိရစ္ဆာန်များ အပါအဝင် အခြားတားမြစ်သည့် ယာဉ်များ သွားလာခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အမြန် လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ သွားလာခြင်း၊ နားနေခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅ ခြေဆင်း

၁၅။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ ခြေဆင်းသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၆ ခြေဆင်း

၁၆။ မည်သူမျှ ဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇(က)

၁၇။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုရ -

(က) အမြန်လမ်းမကြီး ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း တို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၂၂

၂၂။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် တစ်ခုခုပါ ပြဋ္ဌာန်းချက် တစ်ခုခုကို ဆန့်ကျင်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားပါက ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိငွေဒဏ် ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီး ဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်ဟု ဖြည့်စွက်ထား ပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၃

၂၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ အမြန်လမ်းမကြီးကို ဖြတ်သန်း၍ မြေပေါ်မြေအောက်တွင် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ဆက်သွယ်ရေးလိုင်းများ ဆက်သွယ်ခြင်းနှင့် မြောင်းဖောက်လုပ်ခြင်းများ ပြုလုပ်လိုပါကဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂၄

၂၄။ ဤဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၅

၂၅။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တို့သည် ဤဥပဒေပါ ပြစ်မှုများမဖြစ်ပွားရေးအတွက် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ပြစ်မှုများဖြစ်ပွားပါက ဥပဒေနှင့်အညီအရေးယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၆

၂၆။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီးများနှင့် စပ်လျဉ်း၍ အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီကို တာဝန်ခံရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၇

၂၇။ ဤဥပဒေအရ အမြန်လမ်းမကြီးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ခန့်အပ်သည့် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များသည် အမြန်လမ်းမကြီးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်း၏ အပိုဒ် ၈(က)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်အတည် ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အစည်းအဝေး ရပ်နားတဲ့အခါမှာ တစ်ဆက်တည်း အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကြားနာထားတဲ့ Video ဖိုင်ကို ဆက်လက်ပြသမှာ ဖြစ်ပါတယ်။ အလေးထားပြီး ကြည့်ရှုကြဖို့ မှာကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၉) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၁း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]